# ဆေးတက္ကသိုလ်-မန္တလေး

## Covid-19 ကူးစက်ရောဂါကာလ အခြေခံဝန်ထမ်းများအား

## အခြေခံစားသောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

Covid-19 ကူးစက်ရောဂါကာလတွင် ဆေးတက္ကသိုလ်-မန္တလေးရှိ အခြေခံအမှုထမ်း အရာထမ်း (၃၀၁) ဦးတို့အား အခြေခံစားသောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအား ၂၀၂၀ ပြည့်နှစ် မေလ (၈) ရက် နံနက် (၉) နာရီ အချိန်၌ ဆေးတက္ကသိုလ်-မန္တလေး ပင်မဆောင် ဆင်ဝင်ရှေ့တွင် ကျင်းပခဲ့ပါသည်။





ထောက်ပံ့ပေးအပ်ပွဲတွင် ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်မောင်လွင်၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ပါမောက္ခဒေါက်တာ အေးအေးချစ် နှင့် တာဝန်ရှိသူများက ဆေးတက္ကသိုလ်-မန္တလေးရှိ အခြေခံအမှုထမ်း (၂၈၈) ဦးနှင့် အရာထမ်း (၁၃)ဦး စုစုပေါင်း (၃၀၁)ဦး အတွက် တစ်ဦးလျှင် ငွေကျပ် (၂၀၀၀၀) တန်ဖိုးရှိ ဆန်(၆) ပြည်၊ ဆီ (၁) ပိဿာ၊ ဆား (၂၅)ကျပ်သား၊ ကြက်ဥ(၂၀)လုံး၊ ကုလားပဲခြမ်း (၁) ပိဿာ၊ ကြက်သွန်နီ (၁) ပိဿာ၊ ဟင်းချိုမှုန့် (၁) ထုပ်စီ စုစုပေါင်း ကျပ်သိန်းခြောက်ဆယ်နှစ်သောင်း တန်ဖိုးရှိ အခြေခံစားသောက်ပစ္စည်း (၇) မျိုးအား ဝန်ထမ်းတစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။
















ဆေးတက္ကသိုလ် - မန္တလေး
UNIVERSITY OF MEDICINE MANDALAY